
mgyoe.com
SAMPLE BOOK



# သာသနာ့အောင်လံတော်၏

## ကိုယ်တွေ့ထူးခြားစွမ်းရည်သတ္တိထူးများနှင့်

## အခြားကိုယ်တွေ့ဖြစ်ရပ်မှန်ဆောင်းပါးများ

ဘဒ္ဒန္တဉာဏဝံသ

mgyoe.com

mgyoe.com SAMPLE BOOK

# ဆရာတော်၏ သြဝါဒ

---

တပည့်တို့...

က္ကသယ မ္ဘရိယကောင်းရင် ချမ်းသာတယ်။

က္ကသယ မ္ဘရိယ မထားကြနဲ့။

ပြုသူက အသစ်

ဖြစ်သူက အဟောင်း

ကျိုးနဲ့ကြောင်းပါပဲ။



၂၅၀၀ ကျပ်
2542979032616

mgyoe.com

mgyoe.com SAMPLE BOOK


# ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ပထမအကြိမ် | - | မေလ၊၂၀၂၂ ခုနှစ်။ |
| အုပ်ရေ | - | ၅၀၀ |
| ထုတ်ဝေသူ | - | ဦးမင်းထက်ဟန်၊ (၀၂၇၇၄) |
| | | တောင်ဇလပ်နီစာပေ |
| ပုံနှိပ်သူ | - | ပုံရိပ်ရှင် ပုံနှိပ်တိုက်၊ (၀၀၈၃၆) |
| မျက်နှာဖုံးပန်းချီ | - | ညလင်းသွေး |
| မျက်နှာဖုံးပန်းချီ | - | မင်းဝေယံ |
| တန်ဖိုး | - | ၂၅၀၀ ကျပ် |
| ဖြန့်ချိရေး | - | ဇလပ်နီစာပေ |
| | | ၀၉၄၄၇၂၆၈၂၆၇ ၊ ၀၉၈၉၉၆၄၀၆၆၈ |


mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


- သာသနာ့အောင်လံတော်၏ ဖြစ်ရမှန် ထူးခြားစွမ်းရည်သတ္တိထူးများ ၇
- အနန္တဆေးတော်ကြီး၏ ကိုယ်တွေ့ဖြစ်ရပ်မှန် စွမ်းရည်သတ္တိထူးများ ၁၃
- နာမည်ခေါ်၍ အမျှဝေပေးပါ ၁၈
- ကြွားစရာနှင့် သနားစရာ ကုသိုလ်နှင့် အကုသိုလ် ၂၅
- နိဗ္ဗာန်ရောက်ရေး ဓမ္မလက်ဆောင် ၂၉
- မွေးမေ့ကျေးဇူး ဘယ်သို့ဆပ်ရပါ့ ၃၇
- ပရလောကသားတို့ မျှော်လင့်ချက် ၄၆
- ပြစ်မှားမိက တောင်းပန်ပါ ၅၂
- ဓမ္မစေတီ များများတည် ၅၈


mgyoe.com

mgyoe.com SAMPLE BOOK


- နှစ်သက်ဝမ်းမြောက်ခြင်းမှသည် ငြိမ်းချမ်းခြင်းသို့ ၆၆
- နမောတဿ သစ္စာဓိဋ္ဌာန်ကျင့်စဉ် ၇၄
- ပရိတ်အစွမ်း ဖြစ်ရပ်ဆန်း ၇၉
- လောကီပညာများကို ဟန့်တားနိုင်သော မေတ္တာသုတ်၏ ကိုယ်တွေ့ဖြစ်ရပ်ဆန်း ၈၇


mgyoe.com

mgyoe.com SAMPLE BOOK

## သာသနာ့အောင်လံတော်၏
## ဖြစ်ရပ်မှန်စွမ်းရည်သတ္တိထူးများ

အတုမဲ့ ကျေးဇူးတော်ရှင် မြတ်ဗုဒ္ဓ၏ အံ့ဩဖွယ်ရာ စွမ်းရည်သတ္တိထူးနှင့် ပြည့်စုံတော်မူသော ခြောက်သွယ်ရောင်ခြည်တော်၏ ကိုယ်စားပြုတော်မူသော သာသနာ့အောင်လံတော် အလံတော်မြတ်၏ တန်ခိုးထက်မြက်ပုံနှင့် အကျိုးသက်ရောက်ပုံ၊ အကျိုးကြီးမားပုံတို့ကို စာရှုသူ ဓမ္မမိတ်ဆွေတို့အား အနည်းငယ်မျှ ရေးသားတင်ပြပါဦးမည်။

၁၃၇၅ ခု၊ ဝါခေါင်လပြည့်ကျော် (၆) ရက်၊ အင်္ဂါနေ့တွင် ဟသ်ာတမြို့ ကနောင်စုရပ်ကွက်၊ အောင်ရတနာလမ်း၊ ဒေါ်သိန်းရင်

mgyoe.com

mgyoe.com
SAMPLE BOOK


တစ်နှစ်ပြည့် ဆွမ်းစားလာ ပင့်ပါသည်။ နံနက် (၁၀း၃၀) နာရီ တရားမနာခင် အချိန် တွင် အလှူရှင်များ၏ ဆွေမျိုးတော်သူ အသက်အရွယ်အားဖြင့် (၇၀) နှစ်ကျော်ခန့် ရှိ ဒါယကာကြီး ဦးမြမောင်မှ သာသနာ့အောင်လံတော် အကြောင်း ကိုယ်တွေ့ ဖြစ်ရပ် တစ်ခုကို လျှောက်ထားပါသည်။

ဟသီာတမြို့လုံးဆိုင်ရာ ဂိုဏ်းပေါင်းစုံ သံဃာ့ကွန်ယက်အဖွဲ့ ကြီးမှ ပြည်တောင်စု မြန်မာနိုင်ငံတော်တွင် ဗုဒ္ဓဘာသာကို နိုင်ငံတော် ဘာသာအဖြစ် အတည်ပြု သတ်မှတ်ပြဋ္ဌာန်းခဲ့ခြင်း (၂၅) နှစ်မြောက် နိုင်ငံ တော်ဘာသာနေ့ တွင် ဗုဒ္ဓဘာသာဝင်အားလုံး ညီညွတ်သော စိတ်ဓာတ်ကို ရယူကာ အမျိုးဘာသာ သာသနာနှင့် နိုင်ငံတော်ကို ချစ်မြတ်နိုး တန်ဖိုး ထား၍ ကာကွယ် စောင့်ရှောက်လိုစိတ်များ နိုးကြား ထက်သန်ကြစေရန် ဗုဒ္ဓဘာသာဝင်များ၏ စည်းလုံးညီညွတ်သော စိတ်ဓာတ်အင်အားကို မေတ္တာတရားဖြင့် တည်ဆောက်၍ ဘာသာအချင်းချင်း လေးစားသော ငြိမ်းချမ်းရေးကို ဖေါ်ဆောင်နိုင် ရန် ညီညွတ်သော ဗုဒ္ဓဘာသာဝင် အင်အား စုကို ဖေါ်ပြလိုသောအားဖြင့်...

(၂၀.၈.၂၀၁၃) နံနက်ပိုင်းမှ သာသနာ့အလံတော်များကို ကြိုတင် လွှင့်ထူစေကာ ပရိတ် မေတ္တာ ဘာဝနာ ကမ္မဋ္ဌာန်း စီးဖြန်းစေ၍ အများစုပေါင်း မေတ္တာပို့သခြင်း၊ ပဋ္ဌာန်းစသော တရားတော်များကို စုပေါင်း ဆောင်ရွက်ကြစေရန် တိုက်တွန်းနှိုးဆော်ပြီး...

ဗုဒ္ဓဘာသာဝင် မိသားစုများ၏ အိမ်တို့ရှေ့တွင် သာသနာ့ အောင်လံတော်များ (အလံတော်)များ လွှင့်ထူးထားသည်ကို တွေ့မြင်ရ၍ လွန်စွာ ဝမ်းမြောက်ကြောင်းနှင့် အမျိုးကို ချစ်သော၊ သာသနာကို မြတ်နိုး သော၊ သာသနာကို တန်ဖိုးထားသော၊ သာသနာတော်၏ ရှေ့ရေးကို

mgyoe.com

mgyoe.com SAMPLE BOOK


မျှော်တွေးကာ အမျိုးဘာသာသာသနာ စောင့်ရှောက်ရေး အဖွဲ့များ၏ နာယကဆရာတော်ကြီးများအား အထူးလေးစား ကြည်ညိုလျက် ရှိပါသည်ဘုရား။ သာသနာ့အောင်လံတော်အကြောင်း ကိုယ်တွေ့ဖြစ်ရပ်ဆန်းကလေးကို လျှောက်ထားပါရစေဘုရားဟု ခွင့်တောင်းကာ လျှောက်ထားပါသည်။

အရှင်ဘုရား ဟသ္သာတမြို့နှင့် (၆) မိုင်၊ (၇) မိုင်ကွာဝေးသော ဘုရားကုန်းရွာကြီး ရှိပါသည်။ ယင်းဘုရားကုန်းရွာကြီးတွင် ဦးမြို့ဟု ခေါ်ဆိုသော မြွေကုသော ဆရာတစ်ယောက် ရှိပါသည်။ သူ၏ အကိုမှာ ဦးမောင်ရှိန် ဖြစ်ပါသည်။ လေးမျက်နှာမြို့တွင် နေထိုင်ပါသည်။ ဦးမောင်ရှိန်လည်း ပယောဂကုသော ဆေးဆရာတစ်ယောက် ဖြစ်ပါသည်။

ဦးမြို့ သေသောအခါ ဂတိဖောက်ချိုးယွင်း၍ ပရလောကသား မိစ္ဆာသရဲကြီး ဖြစ်နေပါသည်။ သူ၏ မြေးမမှာ မထွေး ဖြစ်ပါသည်။ မထွေးမှာ အသက် (၂၀) ဝန်းကျင်ရှိ မည်ထင်ပါသည်။ ယခု အသက်ရှင်လျက် ရွာမှာ ရှိပါသည်။ သူမအား ခဲနှင့်ပေါက်၊ တုတ်နှင့်ရိုက် မျက်နှာကို ရွှံ့နှင့်ပက် စသည်ဖြင့် အရှက်တကွဲ ဖြစ်အောင် အမျိုးမျိုး အဖုံဖုံ အနှောက်အယှက် ပြုနေပါသည်။

လေးမျက်နှာတွင် နေထိုင်လျက်ရှိသော သူ၏ အကိုတော်သူ ဦးမောင်ရှိန်အား သွားရောက် ခေါ်ယူ၍ နှင်ထုတ်ပါသည်။ ခေတ္တခဏမျှ ချမ်းသာခွင့်ရသော်လည်း အတော်ကြာသောအခါ ယခင်ရှေးအတိုင်း အနှောက်အယှက်ပြုလျက် ရှိပါသည်။

လူအများလည်း မမြင်ဖူး၊ မကြားဖူး အထူးအဆန်းဖြစ်ကာ သွားရောက် ကြည့်ရှုသူ များပြားလျက် ရှိပါသည်။ တပည့်တော်၏ ရှေ့တွင်

mgyoe.com

mgyoe.com SAMPLE BOOK


ကလေးမလေး၏ နဖူးကို လောက်စာလုံးဖြင့် ပစ်လိုက်သည်ကို တွေ့ခဲ့ရပါသည်။ အနီးအနားတွင် ရှိသော ဆရာတော်ကြီးများကို ပင့်ဖိတ်၍ ပရိတ်မေတ္တာများ ရွတ်ဖတ်ခြင်း၊ ကမ္မဝါစာများ ရွတ်ဖတ်ခြင်း အမှုတို့ကို ပြုလုပ်ပါသော်လည်း မရရှိပါဘုရား။

အနီးအနားတွင် တပ်စွဲ၍နေသော ဗိုလ်သိန်းမောင်အား သွားရောက် အကြောင်းကြား၍ သေနတ်များဖြင့် ပစ်ဖေါက်၍ ကြောက်လန့်အောင် ပြုလုပ်ပါသည်။ ပို၍ ဆိုးလာသည်ကို တွေ့မြင်ရပါသည်။ လေးမျက်နှာတွင် နေထိုင်သော သူ၏အကို ဆရာရှိန်းအား နောက်တစ်ခါ သွားရောက် အကြောင်းကြားသောအခါ ဆရာရှိန်းက "ပရလောကသားများ၏ အနှောက်အယှက်ကို အလေးဂရုမထားဘဲ မသိဟန်ဆောင်၍ ကိုယ်လုပ်စရာ ရှိသော အလုပ်ကိစ္စများကို လုပ်ကိုင် ဆောင်ရွက်နေပါ၊ အိမ်၏ ပတ်ဝန်းကျင်တွင် သာသနာ့အောင်လံများကို စိုက်ထူ၍ ထားပါရန်" မှာကြားပါသည်။

မိသားစုများလည်း အိမ်၏ ပတ်ပတ်လည်တွင် သာသနာ့အလံများ စိုက်ထူ၍ ထားလိုက်ပါသည်။ ဤကဲ့သို့ ဆောင်ရွက်လိုက်မှ ပရလောကသား မိစ္ဆာအမှောင့် ပယောဂများ လွင့်ပျောက်၍ စိတ်အေးချမ်းသာ နေရကြောင်း ဖြစ်ရပ်ဆန်း တစ်ခုကို လျှောက်ထားလိုက်ပါသည်။

သာသနာ့အလံတော်တွင် အရောင်ခြောက်မျိုး ရှိသည်။ မဟာကရုဏာတော်ရှင် မြတ်စွာဘုရား၏ ကိုယ်တော်မှ ထွက်တော်မူသော ရောင်ခြည်တော် ခြောက်သွယ်ကို ကိုယ်စားပြု၍ ပြုလုပ်ထားသော သာသနာ့ အလံတော်ဖြစ်သည်။

သဗ္ဗညုမြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူ၍ စတုတ္ထ

mgyoe.com

mgyoe.com SAMPLE BOOK



သတ္တာဟ ရတနာဃရ ရွှေအိမ်၌ အဘိဓမ္မာပိဋကတ် တရားတော်မြတ်ကို သုံးသပ်ဆင် ခြင်တော်မူသောအခါ ဓမ္မသင်္ဂဏီစသော ရှေ့ခြောက်ကျမ်းတို့ကို သုံးသပ် ဆင်ခြင်တော်မူသောအခါ သဗ္ဗညုတဉာဏ်တော်က ကျယ်ဝန်းပြီး တရားနည်းက ကျဉ်းသဖြင့် ရွှေဉာဏ်တော် မကွန့်မြူး လောက်သေးရကား ရောင်ခြည်တော်ခြောက်သွယ်တို့ ထွက်ပေါ်ကွန့်မြူး ခွင့် မရရှိကြသေးပေ။

အနန္တနယသမန္တ ပဋ္ဌာန်းကျမ်းကြီးကို သုံးသပ်ဆင်ခြင်တော်မူသောအခါ မဟာသမုဒ္ဒရာအတွင်း၌ ကွန့်မြူးခွင့်ကိုရသော ယူဇနာငါးရာ ယူဇနာ တစ်ထောင်ရှိသော တိမိင်္ဂလငါးကြီးပမာ သဗ္ဗညုတဉာဏ်တော်သည် ကွန့်မြူးခွင့် ရတော်မူလေသည်။

အလွန်သိမ်မွေ့နက်နဲသော တရားအချက်တို့ကို သုံးသပ်ဆင်ခြင်တော်မူအပ်သော သဗ္ဗညုတ မြတ်စွာဘုရား၏သန္တာန်၌ အလွန်တစ်ရာနှစ်သက်ဝမ်းမြောက်ခြင်း ပီတိတရားများ ပေါ်ပေါက်လာပြီး အသွေးတော် အသားတော် အရေတော်တို့ ကြည်လင်၍ လာလေသည်။

အရေတော် ကြည်လင်ခြင်းကြောင့် ကိုယ်တော်၏ အရှေ့ပိုင်း၊ အနောက်ပိုင်း၊လက်ယာနံပါး၊လက်ဝဲနံပါး၊ခြေဖမိုးတော်ဦးခေါင်းတော်တို့မှ အိမ်လုံး တောင်လုံး ပမာဏရှိသော ညို ရွှေ ဖြူ နီစသော ရောင်ခြည်တော်ခြောက်သွယ်တို့သည် မြေထု လေထု ရေထုတို့ကို ထွင်းဖေါက် ထွက်ပေါ် ကွန့်မြူးကြ၍ နတ်ပြည် ဗြဟ္မာပြည်ကို ကျော်လွန်လျက် အနန္တစကြာဝဠာသို့ပင် ပျံ့တက်ကွန့်မြူး ပြေးသွားကြလေသည်။

ပဋ္ဌာန်းတရားတော်မြတ်ကို သဗ္ဗညုတဉာဏ်တော်ဖြင့် ခုနစ်ရက်ပတ်လုံး ရတနာဃရသတ္တာဟ၌ သုံးသပ်တော်မူ၍ ထွက်ပေါ်တော်မူသော

mgyoe.com

mgyoe.com SAMPLE BOOK


ရောင်ခြည်တော် ခြောက်သွယ်တို့ကို ကိုယ်စားပြုသော သာသနာ့အလံတော်သည် အလွန်တရာ အံ့ဩဖွယ်ကောင်း၍ စွမ်းရည် သတ္တိထူးနှင့် ပြည့်စုံရုံမက ဘေးဆိုးရန်ဆိုး အန္တရာယ်ဆိုးများ ပျောက်ကွယ်စေသည်။


ထို့အပြင် ကောင်းကျိုးချမ်းသာ အမျိုးမျိုးကို ရရှိကာ မိစ္ဆာ အမှောင့်ပယောဂများ ကင်းစင်လွင့်ပျောက်၍ သာသနာ့ကျက်သရေ တက်နေပမာ လင်းလက်စေနိုင်ကြောင်း ကောင်းမြတ်သော ဆန္ဒမွန်ဖြင့် သာသနာ့အလံအကြောင်း ဖြစ်ရပ်မှန်ကို တင်ပြလိုက်ရပါသည်။

(ဖြစ်ရပ်မှန်ဖြစ်၏။ အမည်များပြောင်း၍ထားခြင်းသာဖြစ်သည်။)

ပါရမီမဂ္ဂဇင်း၊ အမှတ်-၂၅၆၊ ဇန်နဝါရီလ၊ ၂၀၁၄၊

mgyoe.com

mgyoe.com SAMPLE BOOK



## အနုဋ္ဌဆေးတော်ကြီး၏ ကိုယ်တွေ့ဖြစ်ရပ်မှန်
## ဝွမ်းရည်သတ္တိထူးများ

စွမ်းရည်သတ္တိထူး ရှိသော အနန္တဆေးတော်ကြီး အကြောင်းကို ဆောင်းပါး ရေးမည်ဟု စိတ်ကူးသည်မှာ ကြာခဲ့လေပြီ။ သို့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် မရေးဖြစ်ခဲ့ပါ။

ယခု အနန္တဂုဏ်ရည်စာအုပ်လေး ရေးတော့မှ အနန္တဆေးတော်ကြီး အကြောင်းကို ပြန်လည်ကာ သတိရပါတော့သည်။

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆုတ် (၈) ရက်နေ့တွင် ကြံခင်းမြို့နယ် ဆိပ်သာမြို့ ကံယုံကျောင်းကထိန်နှင့် ကျောင်းဆောင်သစ် ရေစက်ချသို့

mgyoe.com

mgyoe.com
SAMPLE BOOK


ဆရာတပည့်နှစ်ပါး သွားပါသည်။ ခရီးရောက်မဆိုက်ပင် စာရေးသူမှ ကျောင်းထိုင်ဆရာတော်ကြီးအား ရှိခိုးကန်တော့ပြီး နှုတ်ဆက်စကား ပြောလိုက်ပါသည်။ ဆရာတော်ကြီးသည် သက်တော် (၈၅) နှစ်ရှိပြီဖြစ်၍ အရွယ်တော်ကလည်း အိုမင်းလာပေပြီ။ ရှေးအခါက ဒူးနာ ခါးနာ ရောဂါဝေဒနာများကို ခံစားနေရပါသည်။ ဒူးကို ဒူးစွပ်နှင့် အမြဲနေရပါသည်။ သွားများလည်း နာ၍ အမာကို မဝါးနိုင် ဖြစ်နေပါသည်။

ယခုအချိန်မှာ ကြည်ကြည်လင်လင် သွက်သွက်လက်လက်နှင့် သွားလာ နေထိုင်တာကို တွေ့ရ၍ ဆရာရေးသူမှ ကျောင်းထိုင်ဆရာတော်ကြီးအား "အဘကော"ဟု ခေါ်နေကျ ဖြစ်သည့်အားလျော်စွာ 'အဘကော ကျန်းမာရဲ့လား'ဟု နှုတ်ဆက်စကား လျှောက်ထားသောအခါ ဆရာတော်ကြီးမှ … 'အဘဉာဏ်ရေ တပည့်တော် ဒူးနာတွေလည်းပျောက်၊ ခါးနာတွေလည်း ပျောက်၊ ခန္ဓာကိုယ်ကလည်း ပေါ့ပေါ့ပါးပါး သွက်သွက်လက်လက်ဖြစ်သွားပါတယ်။ ယခု ဒူးစွပ်လည်း မစွပ်ရတော့တဲ့အပြင် သွားနာလဲ ပျောက်ကင်းပြီး ပဲကြီးလှော်တောင် ဝါးလို့ရတဲ့ အခြေအနေသို့ ရောက်ရှိသွားပါတယ်'ဟု ဆရာတော်ကြီးမှ အမိန့်ရှိပါတယ်။

'ဒါဖြင့် အဘကော ဆေးကောင်း ဝါးကောင်းတွေသွားပြီနဲ့ တူပါတယ်' ဟု စာရေးသူမှ လျှောက်ထားလေရာ 'အဘဉာဏ်ရေ… အနန္တဆေးတော်ကြီးကို သောက်လိုက်တာ တစ်နေ့တခြား ရောဂါဝေဒနာတွေဟာ ယူပစ်သလို သိသိသာသာ သက်သာပျောက်ကင်းသွားတာပဲ' ဟု ကံယုံဆရာတော်ကြီးမှ အမိန့်ရှိတော်မူပါသည်။ 'အဘကောရဲ့ အနန္တဆေးတော်ကြီးကို တပည့်တော်တို့လည်း သောက်ရအောင် အမိန့်ရှိတော်မူပါ'ဟု စာရေးသူမှ လျှောက်ထားရာ ဆရာတော်ကြီးမှ ပြုံးပြုံးကြီးလုပ်၍ နေပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK


'အဘဉာဏ်ရေ... တပည့်တော် တစ်နေ့သော နံနက် အိပ်ရာထ မျက်နှာသစ်ခါနီး အချိန်မှာ အနန္တော အနန္တငါးပါးကို သတိရတဲ့ စိတ်တွေ အလိုလို ပေါ်လာတယ်။ ဒါနဲ့ပဲ ရေခွက်ကလေးကို ကိုင်ပြီး မျက်နှာမသစ်ခင်လေးမှာ 'မြတ်စွာဘုရား အပေါင်းအား ပူဇော်ပါ၏၊ တရားတော် အပေါင်းအား ပူဇော်ပါ၏၊ သံဃာတော် အပေါင်းအား ပူဇော်ပါ၏၊ အဖိအဖ အပေါင်းအား ပူဇော်ပါ၏၊ ဆရာသမား အပေါင်းအား ပူဇော်ပါ၏' လို့ ဆိုကာ ရေခွက်ကို ယူပြီး မျက်နှာလည်း သစ်၊ ပလုပ်လည်း ကျင်း၊ ရေကိုလည်း သောက်လိုက်တယ်။ အဲဒီအချိန်မှစ၍ တစ်နေ့တခြား ထူးထူးခြားခြား ရောဂါဝေဒနာ ပျောက်ကင်းလာပြီး ကိုယ်ခန္ဓာ ကြည်ကြည်လင်လင် ပေါ့ပေါ့ပါးပါး ဖြစ်သွားတယ်။ သွားနာလည်း ပျောက်စိတ်ဓာတ်ကလည်း ထက်သန်ရွှင်လန်းလာခဲ့ပါတယ်။ အနန္တဆေးတော်ကြီးနဲ့မှ ဟန်ကျ သွားပါတော့တယ်' ဟု ပြုံးပြုံးရွှင်ရွှင်နှင့် အမိန့်ရှိပါတော့သည်။

'ယခု အနန္တဆေးတော်ကြီးကို စားသောက် ရေချိုးလည်း ဆို၊ အိပ်ရာဝင် အိပ်ယာထလည်း ရွတ်ဖတ် ပူဇော်၊ တရားဟောတော့လည်း အနန္တောအနန္တ ဂုဏ်ကျေးဇူးတို့ကို မမေ့ကြဖို့ ဒါယကာ ဒါယိကာမ အပေါင်းတို့အား တိုက်တွန်းပြီး အနန္တဆေးတော်ကြီး သုံးစွဲပုံ သုံးစွဲနည်းတို့ကို တရားဟောတဲ့အခါ သတိပေး ပေးနေရတယ်' ဟု ဆရာတော်ကြီးမှ အမိန့်ရှိတော်မူပါသည်။ ဘုရား... တရား... သံဃာ... မိဘ... ဆရာသမား အနန္တော အနန္တဂုဏ်ကျေးဇူးတရားတို့သည် ကြီးမားလှပေသည်။ ဂုဏ်တော် ကျေးဇူးတော်တို့သည် အနန္တ အတိုင်းအဆ မရှိကြပါ။ ဘုရားရှင် ကိုယ်တော်မြတ်ကြီး ဟောကြားတော်မူအပ်သော တရားတော်တို့၏ အစွမ်းသတ္တိ တို့သည်ရှိတာ မှန်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK


စာရေးသူမှ အကြောင်းရင်းကို စဉ်းစားဆင်ခြင်၍ ကြည့်ပါသည်။ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်အရ အကျိုးတရားတို့မည်သည် အကြောင်းတရား နှင့်ကင်း၍ ဖြစ်သည်ဟူ၍ မရှိပါ။ သတ္တဝါတို့သည် ဘဝါဘဝ သံသရာမှ မပြစ်မှားသင့် မပြစ်မှားထိုက်သော ပုဂ္ဂိုလ်တို့ အပေါ်မှာ ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ပြစ်မှားမိခဲ့သော ကံတရားများ ရှိနိုင်ရာ၏။

ထိုမကောင်းသော အကုသိုလ်ကံတို့ကို တောင်းပန်ဝန်ချ ကန်တော့ပါက ပြေပျောက်၍ အကျိုးပေးခွင့် မရမူ၍ ကောင်းကျိုးချမ်းသာများ ခံစားရသည်တို့ကို စာပေတွင် ဖတ်ရှုရပါသည်။ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော တရားတော်တို့၏ အစွမ်းသတ္တိတွေ ရှိပါသည်။ ဘာ့ကြောင့် အစွမ်းသတ္တိ ရှိပါသနည်းဟု မေးစရာ ရှိပါသည်။

"ဓမ္မော နော ဗုဒ္ဓပူဇိတော" ဓမ္မော - တရားတော်မြတ်ကို၊ နော - ငါတို့၏၊ ဗုဒ္ဓပူဇိတော - ဘုရားရှင် ကိုယ်တော်မြတ်သည် ပူဇော်အပ်၏။ ဘုရားရှင်ကိုယ်တော်မြတ်သည် ပူဇော်ထုံမွမ်းထားသည့် တရားတော်များ ဖြစ်သည်အားလျော်စွာ ဘုရားရှင်ကိုယ်တော်မြတ်သည် အာရုံပြုသောအားဖြင့် လည်းကောင်း၊ မိမိသန္တာန်မှာ ဖြစ်ပွားသောအားဖြင့် လည်းကောင်း၊ အမျိုးမျိုး အဖုံဖုံ ထုံပွား၊ ခါခါထပ်ထပ် မှီဝဲအပ်သည့် တရားများ ဖြစ်သောကြောင့် တရားတော်တွေမှာ အစွမ်းသတ္တိ ရှိနေပါသည်။

အစွမ်းသတ္တိ ရှိနေသည့် တရားတော်တွေကို မိမိတို့ မြတ်မြတ်နိုးနိုး ပူဇော်လိုက်သော ကောင်းမှုကံ စေတနာတို့၏ အစွမ်းသတ္တိကြောင့် ရောဂါဝေဒနာတို့ ပျောက်ကင်းပြီး ကိုယ်ချမ်းသာ စိတ်ချမ်းသာခြင်းသို့ ရောက်ရှိသည်ဟု စာရေးသူမှ ယုံကြည် ယူဆရပေသည်။

စာရေးသူ ငယ်စဉ် ကိုရင်ဘဝ တွေ့ကြုံခဲ့ရသော အတွေ့အကြုံတစ်ခု

mgyoe.com

mgyoe.com SAMPLE BOOK


ရှိပါသည်။ ၁၃၂၃ ခုနှစ်၊ နွေကာလ ဖြစ်ပါသည်။ ကျောင်းသားကလေး မောင်အောင်စိုးအား ရွာတွင်းသို့ ဆွမ်းအုပ် ပို့ခိုင်းလိုက်ပါသည်။ ပြန်လာသော အချိန် နေဝင်ချိန်ဖြစ်၍ ပရလောကသားတို့၏ ခြောက်လှန့်ခြင်းကို ခံခဲ့ရပါသည်။ ငိုချနေပါသည်။ 'ဟဲ့ကောင် မောင်အောင်စိုး မင်းဘာဖြစ်တာလဲ၊ တိတ်ကွာ မငိုပါနဲ့' ဟု မာန်လိုက်ပါသည်။ ပရလောကသားမှ ဝင်ပူးပြီး 'တပည့်တော် ငှက်ပျောသီး စားချင်လို့ လိုက်လာတာပါဘုရား၊ ငှက်ပျောသီး ကျွေးပါ' ဟု ပြောပြီး ငိုချပင် နေပါသည်။

ဆရာတော်ကြီးမှ 'ကိုရင် ဘုရားသောက်တော်ရေ သွားစွန့်ချေ၊ မြတ်စွာဘုရားကို ရှိခိုးပြီး "မြတ်စွာဘုရား ဆေးတော်ရေ စွန့်ပါဟု လျှောက်ထားပြီး သောက်တော်ရေ တိုက်လိုက်" ဟု အမိန့်ရှိတော်မူ၍ စာရေးသူမှ မြတ်စွာဘုရားကို ရိုသေစွာ ရှိခိုးပြီး 'မြတ်စွာဘုရား ဆေးတော်ရေ တစ်ခွက် စွန့်တော်မူပါ'ဟု လျှောက်ထားပြီး ပရလောကသား ဝင်ပူးနေသော ကျောင်းသားအား တိုက်ပါသည်။

မသောက်ချင်ကြောင်း အတန်တန် ငြင်းပယ်၍ နေပါသည်။ စာရေးသူမှ ရေဖြင့် မျက်နှာကို တောက်လိုက်သောအခါမှ "သောက်ပါမည်" ဟု ဆိုကာ ရေကို သောက်ပါတော့သည်။ ဆေးတော်ရေကို သောက်ပြီးသော အခါမှ စ၍ မောင်အောင်စိုးလည်း ပကတိ ကျန်းမာ၍ သွားပါတော့သည်။

အနန္တဆေးတော်ကြီးသည် အစွမ်းသတ္တိ ထက်လှပေသည်။ ဓမ္မမိတ်ဆွေတို့ အနန္တဂုဏ်ရည်ကို ယုံကြည်စွာဖြင့် အနန္တဆေးတော်ကြီးကို သောက်သုံးနိုင်ကြပါစေ။ ရောဂါတွေ ပျောက်ကင်းချမ်းသာ၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါစေဟု မေတ္တာပြုလျက် စာရေးသူ၏ ကိုယ်တွေ့ဖြစ်ရပ်မှန်ကို စာရှုသူ ဓမ္မမိတ်ဆွေတို့အား တင်ပြအပ်ပါသည်။

mgyoe.com




mgyoe.com SAMPLE BOOK

## နာမည်ခေါ်၍ အမျှပေးဝေပါ

တစ်နေ့သော ညနေတွင် လူငယ်တစ်ယောက် ပါရမီမဂ္ဂဇင်းနှင့် ဆေးပစ္စည်းများ ကိုင်၍ စာရေးသူထံသို့ ရောက်လာပါသည်။ "အရှင်ဘုရား... ရွှေမောင်းစာအုပ်ဆိုင် အဖွား ဒေါ်အုန်းသန်း လှူခိုင်းလိုက်လို့ ဆေးပစ္စည်းနဲ့ စာအုပ် လာလှူတာပါ။ ရောက်ကြောင်းကိုလည်း တယ်လီဖုန်းဆက်လိုက်ပါဦး၊ မေ့မနေပါနဲ့ ဘုရား" ဟု လျှောက်ထားပါသည်။ ရွှေမောင်းစာအုပ်ဆိုင် မိသားစုမှ စာရေးသူအား ပါရမီမဂ္ဂဇင်းနှင့် အားဆေးများကို လစဉ် လှူဒါန်းလျက် ရှိ၍ ရောက်မရောက်ကို စကားပြန်ခိုင်းလိုက်ခြင်း ဖြစ်ပါ သည်။

ပါရမီမဂ္ဂဇင်း မာတိကာကို ဖတ်ကြည့်သောအခါ ပရလောကသား

mgyoe.com

mgyoe.com SAMPLE BOOK



တို့ အကြောင်းပါ "မျှော်လင့်နေ ကသူများ" ဟူသော သူရိန်စိုး တပ်ကုန်း၏ ဆောင်းပါးကလေးကို ဖတ်လိုက်ရသည်။ ၁၃၇၅ ခုနှစ်၊ ရဟန်းအမကြီး ဒေါ်မေဓာသီဂီ လျှောက်ထားသော စကားလေးကို ပြန်လည်ကာ သတိရမိပါသည်။

အပြင်ပတ္တမြား သီလရှင်ပရိယတ္တိစာသင်တိုက်သည် ရောဝတီတိုင်းဒေသကြီး၊ ဟသ်ာတမြို့ ဘူတာအနီးတွင် တည်ရှိပါသည်။ သီလရှင်ကြီး သီလရှင်လေး ခုနစ်ဆယ် ကျော်ရှစ်ဆယ်ခန့် ရှိပါသည်။ စာသင်တိုက်၏ ပဓာနနာယက သီလရှင်ကြီး ဒေါ်မေဓာသီဂီမှာ အသက် (၉၆)နှစ် ရှိနေပြီး အိုမင်းရင့်ရော်နေပြီး ဖြစ်၍ ရဟန်းအမကြီးပင် ဖြစ်သော်လည်း စာရေးသူက အဖွားဟုပင် ခေါ်ပါသည်။

အဖွားဒေါ်မေဓာမှ "မင်္ဂလာဇေယျုံဘုန်းကြီးကို ပင့်ပေးပါ" ဟု သီလရှင်လေး နှစ်ပါးကို လွှတ်လိုက်ပါသည်။ သီလရှင်လေးများ မှ... "အရှင်ဘုရား ဒေါ်ဒေါ်ဘုရား ပင့်ခိုင်းလိုက်လို့ ဆက်ဆက်ကြွတော်မူပါ ဘုရား" ဟု လျှောက်ထားပါသည်။ သီလရှင်ကြီး သီလရှင်လေးများက အဖွားဒေါ်မေဓာကို ဒေါ်ဒေါ်ဘုရားဟု ခေါ်ကြသည်။

စာရေးသူလည်း အပြင်ပတ္တမြား သီလရှင်ကျောင်းသို့ ရောက်သော အခါ ခရီးရောက်မဆိုက်ပင် "အဖွား ဘာများ လျှောက်ထားစရာ ရှိလို့ ပင့်ခိုင်းလိုက်ပါသလဲ" ဟု မေးလိုက်ပါသည်။ "မောင်ပဥ္စင်းရေ... တခြား မဟုတ်ပါဘူး၊ တပည့်တော်ရဲ့ ဖခမည်းတော်ကြီးက ဦးသီလပါ၊ ကွယ်လွန် သွားတာ နှစ်ပေါင်း ကြာပါပြီ၊ တပည့်တော် တပည့်မ သီလရှင်လေးကို အိပ်မက်ပေးပါတယ်'

'သီလရှင်လေးက မမေဓာရဲ့ တပည့်မ ဟုတ်လား ဟု မေးပါသည်၊

mgyoe.com

mgyoe.com SAMPLE BOOK



သီလရှင်လေးမှ 'ဟုတ်ပါတယ်' ဟု ပြန်ပြောလိုက်ပါသည်။ "ဘဘက မမေဓာရဲ့ အဖေပါ၊ ဦးသီလလို့ ခေါ်ပါတယ်၊ ယခင် သက်ငယ်မိုးကျောင်းလေးမှာ ကျောင်းစောင့်နတ် ဖြစ်ပါတယ်။ ယခု သက်ငယ်မိုးကျောင်းလေးကို ဖျက်ပြီး တိုက်ကျောင်းကြီး အသစ်တစ်ဖန် ပြန်ဆောက်သောအခါ တန်ခိုးကြီးနတ်မင်း ရောက်လာလို့ သူ ဖယ်ပေးရပါတယ်။ သူ့အား ရည်စူးပြီး ပရိက္ခရာ လှူဒါန်း အမျှအတန်း ပေးဝေပေးပါ" ဟု ပြောပါသည်။ သီလရှင်လေးမှ "ဘဘရယ် ဒီကျောင်းမှာ အလှူခဏခဏ ဖြစ်ပြီး အမျှ ပေးဝေနေတာ ဘဘ သာခု မခေါ်ရဘူးလား" ဟု မေးသောအခါ "အမည်ကို ခေါ်၍ အမျှမပေး၍ မရပါ" ဟု ပြောပါသည်။

ပေတဝတ္ထုတွင် "ရည်ထပေးပြု သာခုခေါ်တတ် လှူခံမြတ်မှ" ဟု ပါရှိပါသည်။ ရည်ညွှန်းချက်မရှိ၍၊ အကျိုးသက်ရောက်မှု မရှိခြင်းကြောင့် မရဟု ပြောခြင်း ဖြစ်ပေလိမ့်မည်။ 'သီလရှင်လေးရယ် အမျှပေးဝေရင် နာမည်ကို ခေါ်၍ သုံးကြိမ် အမျှပေးဝေပါ'ဟု မှာလိုက်ပါသည်။ သီလရှင်လေးမှ ပြောပါသည်ဟု အဖွားဒေါ်မေဓာမှ လျှောက်ထား လာပါသည်။

သင်္ကန်းပရိက္ခရာ အလှူသည် လှူဖွယ်ဝတ္ထုအားဖြင့် မွန်မြတ်သောကြောင့် ပရလောကသားတို့အဖို့ အကျိုးသက်ရောက်မှုရှိပြီး အကျိုးကြီးပုံ ရရှိပါသည်။ စာရေးသူ၏ မယ်တော်ကြီးသည် ၁၃၁၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း (၅) ရက်နေ့တွင် အင်္ဂပူမြို့နယ် ဝတ်ကုန်းရွာတွင် ကွယ်လွန်သွားသည်။ စာရေးသူ ရဟန်း (၅) ဝါ အရတွင် ကွင်းကောက် တောင်ဘက်ကမ်းရှိ အကြားအမြင်ရသော သီလရှင် ဒေါ်ဉာဏအား မေးမြန်းသောအခါ ... 'ဦးပဥ္စင်း၏ မယ်တော်ကြီး ဘုမ္မစိုးနတ်ဖြစ်၍ နေပါသည်၊ ဘုမ္မစိုးနတ်ကြီးနှင့် အိမ်ထောင်ကျပြီး သားတစ်ယောက် ရရှိနေပါသည်၊ သူ့အား ရည်စူး၍

mgyoe.com

mgyoe.com
SAMPLE BOOK


ပရိက္ခရာရှစ်ပါး လှူပြီး နာမည်ခေါ်၍ အမျှအတန်း ပေးဝေပါ' ဟု သီလရှင်ကြီးမှ လျှောက်ထားပါ သည်။

စာရေးသူလည်း သက်တော်ရှည် သခွတ်ကွင်းဆရာတော်ကြီးအား ဆွမ်း၊ ဆွမ်းဟင်းလျာနှင့်တကွ သင်္ကန်းပရိက္ခရာများ လှူဒါန်းပြီး မယ်တော်ကြီးအား နာမည်ခေါ်၍ အမျှအတန်း ပေးဝေပါသည်။ ညချမ်းသောအခါ အိပ်မက်တစ်ခု မြင်မက်ပါသည်။ ခရီးလမ်းအကြား တံတားတစ်ခုပေါ်တွင် အမျိုးသမီးကြီး တစ်ဦးနှင့် ခရီးရင်ဆိုင် တွေ့ရှိရာတွင် "ဒါယိကာမကြီးကို မြင်ဖူးတယ်၊ ကောင်းကောင်း မမှတ်မိဘူး ဖြစ်နေပါတယ်၊ ဘယ်ကိုသွားမလို့လဲ" ဟု မေးလိုက်ပါသည်။

မယ်တော်ကြီးဆုံးစဉ် စာရေးသူမှာ (၅)နှစ်၊ (၆)နှစ်အရွယ် ဖြစ်၍ ကောင်းကောင်း မမှတ်မိခြင်း ဖြစ်သည်။အမျိုးသမီးကြီးမှ ... အရှင်ဘုရား အရပ်တစ်ပါးသို့ ပြောင်းရွှေ့မလို့ပါ' ဟု ပြောပါ သည်။ စာရေးသူမှ ... ဒါယိကာမကြီးရယ်...ကောင်းကောင်းလည်း မမှတ်မိဖြစ် နေပါတယ်' ဟု ထပ်၍ ပြောလိုက်သောအခါ 'အရှင်ဘုရား...အမျှ အတန်း ပေးဝေပြီး မမှတ်မိ ဖြစ်နေသည်နှင့် တူသည်' ဟု ပြောပြီး လန့်နိုးသွားပါတော့သည်။

တိကနိပါတ် ငါးရာ့ငါးဆယ် မစ္ဆုဒ္ဒါနဇာတ်တော်တွင် လွန်လေပြီး သော အတိတ်ကာလ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း မင်းပြုစဉ် ဘုရားအလောင်းတော်သည် သူကြွယ်မျိုးမှာ ဖြစ်၍ မိခင်ဖခင်များ ကွယ်လွန်သွားသောအခါ ညီအစ်ကိုနှစ်ယောက် လှေတစ်စင်းဖြင့် ကုန်ကူးသန်း ရောင်းဝယ်ရေး ပြုလုပ်ခဲ့သည့်အတွက် ငွေအသပြာတစ်ထောင် ရခဲ့ပါသည်။ ငွေတစ်ထောင် ရခဲ့၍ နေရပ်သို့ ပြန်လာကြရင်း မြစ်ဆိပ်တစ်ခုမှာ အပန်းဖြေနားနေကြပြီး ထမင်းစားကြလေသည်။ စားသောက်ပြီးသောအခါ အစ်ကို

mgyoe.com

mgyoe.com
SAMPLE BOOK

ဖြစ်တဲ့ အလောင်းတော်က ပိုလျှံ ကြွင်းကျန်တဲ့ ထမင်းများကို ဂင်္ဂါမြစ်ထဲက ငါးတွေကို ပက်ကြဲပြီး ကျွေးမွေးလှူဒါန်းပါသည်။

လှူဒါန်းပြီးတဲ့အခါမှာ ကျွန်ုပ် ငါးတွေကို ကျွေးမွေးလှူဒါန်းရတဲ့ ကုသိုလ်အဖို့ ဘာဂကို မြစ်စောင့်နတ်အား အမျှ ပေးဝေပါတယ်။ အကျွန်ုပ်ရဲ့ ကုသိုလ်အဖို့ဘာဂကို အမျှယူတော်မူကြပါလို့ ကျကျနန အမျှပေးဝေလိုက်ပါတယ်။

ထိုအခါ မြစ်စောင့်နတ်ဟာ အလောင်းတော် ယောကျ်ားပေးဝေသော ကုသိုလ်အဖို့ကို ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ပြုလိုက်တဲ့ အခါကျတော့ သူ့ရဲ့ နတ်စည်းစိမ်ဟာ ရှေ့ကထက် ပိုလွန်ပြီး တိုးတက်တင့်တယ်လာပါတော့တယ်။ အလောင်းတော် ယောကျ်ားပေးဝေတဲ့ ကုသိုလ်အဖို့ကြောင့် ငါ့ရဲ့ စည်းစိမ်တက်ရတယ်လို့ သိရပြီးနောက် ကျေးဇူးရှိသော အလောင်းတော် ယောကျ်ားအား ချီးမြှောက် စောင့်ရှောက်ရမယ့် အခွင့်အရေးကို စောင့်စားကြည့် ရှုပြီးနေရာ အလောင်းတော် ယောကျ်ားလည်း ထမင်းစား သောက်ပြီးတဲ့နောက် သဲသောင်ပြင်ထက်မှာ အပန်းဖြေရင်း လဲလျောင်းကာ အိပ်ပျော်သွားတယ်။

အလောင်းတော်ရဲ့ညီဖြစ်သူက နောင်တော်ကြီး အိပ်ပျော်သွားမှန်း သိတော့ ကူးသန်းရောင်းဝယ်ရာက ရခဲ့တဲ့ ငွေတစ်ထောင်ကို ငါတစ်ယောက်တည်း အပိုင်ရအောင် အစ်ကိုကြီးကို လှည့်ပတ်ပြီး ပြုလုပ်မှပဲလို့ ကြံစည်ပြီး မူလငွေတစ်ထောင်ထုပ်နဲ့ တူအောင် ကျောက်စရစ်တစ်ထုတ်ကို စီမံပြီး မူလငွေထုပ်နဲ့အတူ လှေပေါ်မှာ တင်ထားလိုက်တယ်။

ထို့နောက် ညီအစ်ကိုနှစ်ယောက် ဗာရာဏသီပြည်သို့ ပြန်ခဲ့ကြရာ ဂင်္ဂါမြစ်ထဲ အတန်ငယ် သွားမိတဲ့အခါ ယုတ်မာတဲ့ အကြံရှိတဲ့ ညီငယ်က
mgyoe.com

mgyoe.com
SAMPLE BOOK


လှေကို လှူပ်အောင် စောင်းအောင် ပြုလုပ်ပြီးတော့ ကျောက်စရစ်ထုတ်ရယ်လို့ ချလိုက်တာ ငွေထုတ်ကို ချမိလျက်သား ဖြစ်သွားပေတယ်။ သို့သော်လည်း သူကတော့ ကျောက်စရစ်ထုတ်ပဲ ကျသွားတယ် ထင်တာပေါ့။ 'အစ်ကိုကြီးရေ... လှေစောင်းတဲ့အတွက် ငွေထုတ် ရေထဲကျသွားတယ် ဘယ်လိုလုပ်ပါ့မလဲ' လို့ တိုင်ကြား ပြောဆိုသတဲ့။ အကိုကြီး ဖြစ်သူက အဟုတ်မှတ်ပြီး ဖျောင်းဖျတဲ့ သဘောနဲ့ 'ငါ့ညီရယ်...ပစ္စည်းဆိုတာ ထိုက်မှ ခံစားရတာပဲ၊ ရေထဲကျတော့ ပြန်ရဖို့ မလွယ်တော့ပါဘူး။ စိုးရိမ်မနေပါနဲ့၊ ရအောင် နောက်ထပ် ရှာကြတာပေါ့' လို့ နှစ်သိမ့်စကား ဖျောင်းဖျ ပြောဆိုသတဲ့။

ထိုအခိုက် စောင့်ရှောက်ရန် အကွက်ကို ကြည့်ပြီးနေတဲ့ မြစ်စောင့်နတ်ဟာ ရေထဲကျသွားတဲ့ ငွေထုတ်ကို ငါးကြီးတစ်ကောင်းအား စားမျိုပြီး ဆောင်ကြဉ်းသွားအောင် နတ်တန်ခိုးနဲ့ ဖန်တီးပြီး ဗာရာဏသီ ဆိပ်ကမ်း ရောက်အောင် ပို့လိုက်တယ်။

ဗာရာဏသီ ဆိပ်ကမ်း တံငါသည်များ ပိုက်ကွန်အတွင်းမိတော့ တံငါသည်များက အိမ်ပေါက်စေ့ မေးမြန်းပြီး ငါးရောင်းကြတယ်။ ဝယ်လိုတဲ့ သူတွေက ဘယ်လောက် ပေးရမလဲလို့ မေးကြတဲ့အခါ တစ်ထောင် ခုနစ်ပဲလို့ ပြောလိုက်ပါတယ်။

အလောင်းတော်ယောကျ်ားရဲ့ အိမ်ရှေ့ရောက်တော့ ဘယ်လောက် ပေးရမလဲ မေးတဲ့အခါ ခင်ဗျား အိမ်က ယူရင်တော့ ခုနစ်ပဲဘဲ ပေးပါတော့ ဆိုတော့ ဘယ်လို အကြောင်းပါလိမ့်လဲ စဉ်းစားရင်း ငါးကြီးကို ခုနစ်ပဲနဲ့ ဝယ်လိုက်ပြီး အိမ်ရှင်မအား ချက်ပြုတ်ခိုင်းလိုက်ပါတယ်။ အိမ်ရှင်မလည်း ငါးကြီးကို ချက်ပြုတ်ရန် ရင်ခွဲတဲ့အခါမှာ ငွေထုပ်ကို တွေ့တဲ့အတွက် အလောင်းတော် ယောကျ်ားကို ခေါ်ပြီး ငွေထုပ်ကို အပ်နှင်းလိုက်ပါတယ်။

mgyoe.com


mgyoe.com
SAMPLE BOOK


ငွေထုပ်ကို ကြည့်လိုက်ရာ ခြေရာ လက်ရာမပျက် မိမိတံဆိပ်ဖြင့် မိမိထုပ်ပိုးထားတဲ့ ငွေတစ်ထောင် အစစ်အမှန် တွေ့မြင်ရလို့ ဝမ်းသာသွားပါတယ်။ ဒီလိုဖြစ်ပုံ ဖြစ်နည်းဟာ ဆန်းကြယ်လှပါကလားဟု စဉ်းစားမရအောင် ဖြစ်နေတဲ့အခါမှာ မြစ်စောင့်နတ်က ကိုယ်ထင်ပြပြီး 'ငါ့အား သင်ပေးဝေတဲ့ ပတ္တိဒါန ကုသိုလ်အတွက် ကျေးဇူးဆပ်သော အားဖြင့် ဤငွေထုပ်ကို သင့်ထံသို့ ရောက်အောင် ငါစောင့်ရှောက်ပြီး ဆောင်ကြဉ်းခဲ့တယ်' လို့ ဖြစ်ခဲ့ပုံ အချင်းအရာကို အားလုံးပြောပြပြီး မိမိရပ်ဌာန် သမုဒ္ဒရာဗိမာန်သို့ ပြန်၍ သွားလေ၏။

ဤဝတ္ထု ဇာတ်ကြောင်း ထောက်ဆ၍ ပရလောကသားများ အမျှပေးဝေလျှင် အမည်ခေါ်၍ သုံးကြိမ် အမျှပေးဝေလျှင် ကောင်းမြတ်ကြောင်း စေတနာကောင်းဖြင့် တင်ပြအပ်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK




## ကြွားစရာနှင့် သနားစရာ
## ကုသိုလ်နှင့် အကုသိုလ်

အကုသိုလ်သည် အကျိုးမပေးမီ ကြွားစရာဖြစ်၍ အကျိုးပေးသော အခါ သနားစရာ ဖြစ်သည်။ ကုသိုလ်သည် အကျိုးမပေးမီ သနားစရာဖြစ်၍ အကျိုးပေးသောအခါ ကြွားစရာဖြစ်သည်။ မြတ်ဗုဒ္ဓဟော ကြားတော်မူသော တရားတော်တို့တွင် အကြင်မျိုးစေ့ကို စိုက်ပျိုးလျှင် ထိုမျိုးစေ့နှင့် တူသော အသီးအနှံတို့ကို စားသုံးရမည်။ ကောင်းသောအမှုကို ပြုလေ့ရှိသော သူတို့ သည် ကောင်းကျိုးချမ်းသာကို ခံစားကြရမည်။ မကောင်းသော အမှုကို ပြု လေ့ရှိသော သူတို့သည် မကောင်းသော အကျိုးတရားကို ရရှိခံစားကြရမည်

mgyoe.com

mgyoe.com
SAMPLE BOOK


ပောကြားတော်မူ ပါသည်။

စာရေးသူ ငယ်စဉ်အခါက ရောဝတီတိုင်းဒေသကြီး၊ ဟသ်ာတခရိုင်၊ ိပူမြို့နယ်၊ ကွင်းကောက် မြောက်ဝတ်ကုန်းရွာ ဝတ်ကုန်းကျောင်းဆရာ ာ်ထံတွင် ပညာသင်ကြားလျက် ရှိပါသည်။ ဥပုသ်နေ့ တစ်နေ့တွင် ပကာကြီး ဦးယွန်း ကျောင်းသို့ ရောက်ရှိလာပါသည်။ စာရေးသူမှ... ယကာကြီး... ဒါယကာကြီး ရောက်လာတာနဲ့ အတော်ပဲ။ ယနေ့ ဥပုသ်နေ့ တယ်။ ဒါယကာကြီး သီလယူသွားပါလား" ဟု နှုတ်ဆက်စကား ပြော ာ်ပါသည်။ ဒါယကာကြီးက 'ကိုရင် တပည့်တော် ပြုလုပ်ထားတဲ့ အကု ိလ်တွေက အများကြီး ဖြစ်တယ်၊ တစ်နေ့ကလေး ဥပုသ်စောင့်တာနဲ့ ချမှာ မဟုတ်၊ မကျေမ့ဲအတူ မစောင့်တော့ပါဘူးဘုရား' ဟု လျှောက်ထား ပြန်သွားလေသည်။

စာရေးသူနှင့် ဒါယကာကြီးတို့ ပြောသော စကားကို ဆရာတော် ားသောအခါ ဆရာတော်က 'တပည့် အကုသိုလ်ပြုသော သူတို့သည် ကျိုးမပေးမီ ကြားစရာဖြစ်၍ အကုသိုလ်ကံက အကျိုးပေးသောအခါ နားစရာ ဖြစ်ပေသည်' ဟု တိုတိုကျဉ်းကျဉ်း လိုရင်းကို အမိန့်ရှိတော်မူ ာည်။

စာရေးသူ မင်္ဂလာဇေယျုကျောင်းတိုက်တွင် ဝါပကာလ သီလယူကြ ာ သီတင်းသည် (ဥပုသ်သည်) တို့သည် နှစ်ဆယ်ကျော်မျှ ရှိပေသည်။ ျားအား ထုတ်ပြီးသောအခါ စပ်မိစပ်ရာ အလ္လာပသလ္လာပ စကားများ ာနေစဉ် ဆရာတော်ကြီး အမိန့်ရှိသော စကားကို ပြောပြရာ အသက် ) ကျော်ရှိသော ဒါကာကြီး ဦးခင်မောင်အေးမှ 'တပည့်တော် အတွေ့အကြုံ လေး တစ်ခုကို လျှောက်ထားတင်ပြ ပါရစေဘုရား' ဟု ပြောကာ အောက်ပါ

mgyoe.com

mgyoe.com SAMPLE BOOK


အတိုင်း လျှောက်ထား သွားပါသည်။

တပည့်တော် ငယ်စဉ်အခါ အင်္ဂပူမြို့နယ်၊ ညောင်ကျိုးဒေသ၊ စစ်ကျွန်းရွာကြီးတွင် နေထိုင်ပါသည်။ စစ်ကျွန်းရွာကြီးသည် ဝေန်မြစ်နားတွင် တည်ရှိ၍ အိမ်ခြေတစ်ထောင် ကျော်လောက် ရှိပါသည်။ မြစ်နားတွင် တံငါတဲများဖြင့် ငါးရှာရင် အသက်မွေးဝမ်းကျောင်း ပြုနေကြသော သူများလည်း ရှိပါသည်။ တစ်နေ့သော နံနက်ခင်းတွင် ဦးပျော့ဆိုသူသည် ယက်သဲ့ ဖော်ရာတွင် ငါးမြွေနဂါးတစ်ကောင် ရရှိလာပါသည်။

တပည့်တော်တို့ ကလေးတစ်သိုက်လည်း တဲအနီးတွင် ကစားလျက် ရှိကြပါသည်။ ဦးပျော့မှ ကစားနေကြသော ကလေးများကို ‘ကလေးတွေ လာကြ၊ လာကြ အလမ္မာယ်ပြမယ်’ ဟု လှမ်းခေါ်လိုက်ပါသည်။ ကလေးများ စုရုံးမိသောအခါ ဦးပျော့မှ ငါးမြွေနဂါး အရှင်ကြီးကို မီးဖိုထဲသို့ ပစ်ချလိုက်ပါသည်။ ငါးမြွေနဂါးကြီးလည်း ပူလွန်း၍ တွန့်လိမ် ကော့ပြန်လာသော အခါ လူငယ်များကို လက်ခုပ်လက်ဝါးတီးစေ၍ ‘ဖေ့သားကြီး ပါးပျဉ်းထောင်ပြလိုက်ပါဦးကွ’ ဟု ပြောလိုက်လေသည်။

ငါးမြွေနဂါးကြီးလည်း ပူလွန်း၍ ပါးပျဉ်းထောင်လာသောအခါ “ဟုတ်ပြီဟေ့ ..ဟုတ်ပြီဟေ့” ဟု လက်ခုပ်တီး၍ ဩဘာပေးကြလေသည်။ “သဒိသံ ပါကံ ဇနေတိ” “မိမိပြုသော အလုပ်ကံနှင့်တူသော အကျိုးကို ပေးသည်” ဟု မြတ်ဗုဒ္ဓဟောကြားတော်မူသည့်အတိုင်း တံငါသည်များသည် ဝါးတန်းလျားလေး အောက်တွင် တုံးကြီးများကို မီးထည့်၍ အပူဖြင့် အိပ်လေရာ ပုဆိုးစကို မီးစွဲလောင်ပြီး ဦးပျော့ သေဆုံးရလေသည်။ “ရှေးဝိပါက် ခုနစ်ရက်၊ ခုဝိပါက် နောက်ပိုးတက်” ဟု လူကြီးသူမများ စကားကို ငယ်စဉ်က ကြားခဲ့ဖူးပါသည်။ ယခု ဦးပျော့သည် သူပြုသော ကံနှင့်အတူ မီးလောင်၍

mgyoe.com